# စက်မှုဝန်ကြီးဌာန၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန
# အမှတ်(၅)စက်မှုသင်တန်းကျောင်း(မကွေး)
# ကျွမ်းကျင်မှုအခြေပြုကာလတို(၃)လသင်တန်း၊ အမှတ်စဉ် (၁) သင်တန်းဝင်ညွှန်ကြားလွှာ

**အကြောင်းအရာ**

၁။ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ သင်တန်းကျောင်းများကြီးကြပ်ရေးဌာနအောက်ရှိ အမှတ်(၅)စက်မှုသင်တန်းကျောင်း(မကွေး)၊ ကျွမ်းကျင်မှုအခြေပြု ကာလတို(၃)လသင်တန်းအတွက် သင်တန်းသားသစ်များခေါ်ယူခြင်း။

**သင်တန်းအမည်**

၂။ အမှတ်(၅)စက်မှုသင်တန်းကျောင်း(မကွေး)၊ ကျွမ်းကျင်မှုအခြေပြုကာလတို(၃)လသင်တန်း အမှတ်စဉ်(၁)။

**သင်တန်းဖွင့်လှစ်မည့်နေရာ**

၃။ မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၏ အရှေ့တောင်ဘက် (၅) မိုင်ခန့်၊ မကွေး-တောင်တွင်းကြီးကားလမ်း မိုင်တိုင်အမှတ် (၃၂၄/၅) ၏ အနောက်တောင်ဘက် (၄) မိုင်အကွာ၊ မကွေးစက်မှုနယ်မြေဇရိယာအတွင်း မယ်လှတောင်ကျေးရွာအနီးတွင် ဖွင့်လှစ်ပါမည်။

**သင်တန်းအမျိုးအစား နှင့် လက်ခံသင်ကြားမည့်ဦးရေ**

၄။ သင်တန်းတွင် အောက်ပါဘာသာရပ်ကို စာတွေ့(၂၀%) လက်တွေ့ (၈၀%) သင်ကြားပေးမည်ဖြစ်ပြီး လက်တွေ့သင်ကြားမှုကို ဦးစားပေးသင်ကြားပို့ချမည်။ သင်တန်းသား/သူ(၃၀)ဦးအား လေ့ကျင့်သင်ကြားသွားမည်ဖြစ်ပါသည်-

| စဉ် | သင်ကြားပို့ချမည့် ဘာသာရပ် | သင်တန်းသား/ သူ ဦးရေ | သင်တန်း ကာလ | ပညာ အရည်အချင်း |
|---|---|---|---|---|
| ၁ | မော်တော်ဆိုင်ကယ်စက်ပြင်သင်တန်း<br>Motorcycle Mechanic Course | ၃၀ ဦး | ၃ လ | အခြေခံပညာ အလယ်တန်း/ KG+9 ဖြေဆိုဖူးသူ |

**လျှောက်ထားခွင့်ရှိသူများ**

၅။ ကျန်းမာရေးကောင်းမွန်ပြီး စက်မှုဝါသနာပါသူများ ဖြစ်ရမည်။

**သင်တန်းသား/သူများ၏ သတ်မှတ်အရည်အချင်း**

၆။ လျှောက်ထားသူများသည် အောက်ဖော်ပြပါ သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီသူများဖြစ်ရမည် -

(က) အခြေခံပညာအလယ်တန်းအဆင့် သင်ယူဖြေဆိုဖူးသူ(သို့မဟုတ်) KG+9 ပြီးမြောက်သူဖြစ်ရမည်။

( ခ )  ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလအတွင်း အသက် (၁၇) နှစ်ပြည့်ပြီး (၄၀) နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။

( ဂ )  ပြည်ထောင်စုမြန်မာနိုင်ငံသား ဖြစ်ရမည်။

(ဃ)  ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

( င )  သင်တန်းမှချမှတ်ထားသော ဝန်ခံကတိ စည်းကမ်းများကို လိုက်နာနိုင်သူဖြစ်ပြီး သင်တန်းကို ပြီးဆုံးအောင် တက်ရောက်နိုင်သူဖြစ်ရမည်။

**လျှောက်ထားခြင်း**

၇။ လျှောက်လွှာများအား အောက်ဖော်ပြပါ ဌာနများတွင်ရယူနိုင်ပြီး၊ လျှောက်လွှာပါအချက်အလက်များ၊ ဆက်သွယ်ရန်လိပ်စာ၊ တယ်လီဖုန်းနံပါတ်များကို သေချာစွာဖြည့်စွက် လျှောက်ထားရန် လိုအပ်ပါသည်။

**(က) လျှောက်လွှာရရှိနိုင်သောနေရာများ**

လျှောက်လွှာများအား အောက်ဖော်ပြပါဌာနများတွင် ရယူနိုင်ပါသည်-

(၁) စက်မှုဝန်ကြီးဌာန၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ သင်တန်းကျောင်းများကြီးကြပ်ရေးဌာန၊ ရုံးအမှတ်(၃၀)၊ နေပြည်တော်။

(၂) အမှတ်(၅)စက်မှုသင်တန်းကျောင်း(မကွေး)၊ မကွေးစက်မှုနယ်မြေ၊ မကွေးမြို့နယ်၊ မကွေးတိုင်းဒေသကြီး။

(၃) စီးပွားရေးရာဝန်ကြီးဌာန၊ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့။

(၄) www.industry.gov.mm website၊ www.itcmagway.edu.mm website နှင့် "itc magway" Facebook Account တွင် download ပြုလုပ်ပြီး ရယူနိုင်ပါသည်။

**(ခ) လျှောက်လွှာပေးပို့ရန်နေရာ**

လျှောက်လွှာများအား အောက်ဖော်ပြပါ ဌာနများသို့ ပေးပို့နိုင်ပါသည်-

(၁) အမှတ်(၅)စက်မှုသင်တန်းကျောင်း(မကွေး)၊ မကွေးစက်မှုနယ်မြေ၊ မကွေးမြို့နယ်၊ မကွေးတိုင်းဒေသကြီး။

(၂) စက်မှုဝန်ကြီးဌာန၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ သင်တန်းကျောင်းများကြီးကြပ်ရေးဌာန၊ ရုံးအမှတ်(၃၀)၊ နေပြည်တော်။

**(ဂ) လျှောက်လွှာနှင့်အတူ ပူးတွဲပါရှိရမည့် စာရွက်စာတမ်းများ**

လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ စာရွက်စာတမ်းများပါရှိရမည် –

| | |
|---|---|
| (၁) လျှောက်လွှာမူရင်း | ( ၁ ) စောင် |
| (၂) နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ | ( ၁ ) စောင် |
| (၃) လိုင်စင်ဓါတ်ပုံ | ( ၃ ) ပုံ |

(၄) အကျင့်စာရိတ္တကောင်းမွန်ကြောင်း မြို့နယ်အထွေထွေ ( ၁ ) စောင်
အုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံစာ ( မူရင်း ) (သို့မဟုတ်)
ပြစ်မှုကင်းရှင်းကြောင်းမြို့နယ်ပြည်သူ့ရဲတပ်ဖွဲ့မှူးရုံး၏
ထောက်ခံစာ( မူရင်း )

(၅) အလယ်တန်း သင်ယူဖူးကြောင်းထောက်ခံစာ(မူရင်း) ( ၁ ) စောင်

(၆) သက်ဆိုင်ရာမြို့နယ်ဆရာဝန်၏ ကျန်းမာကြောင်း ( ၁ ) စောင်
ဆေးထောက်ခံစာ(မူရင်း)

(မှတ်ချက်။ အသက်နှင့်ပညာအရည်အချင်းအတွက် လျှောက်လွှာ၏ ကျောဘက်တွင် သက်ဆိုင်ရာ ကျောင်းအုပ်ကြီး၏ ထောက်ခံချက်ကို ဖြည့်စွက်ရန် လိုအပ်ပါသည်။)

**လူတွေ့နှုတ်မေးစစ်ဆေးခြင်း**

၈။ (၁.၁၁.၂၀၂၄)ရက်နေ့မှ (၂.၁၁.၂၀၂၄) ရက်နေ့ထိ လူတွေ့စစ်ဆေးမည်ဖြစ်ပြီး(၁.၁၁.၂၀၂၄) နံနက်(၈:၀၀)နာရီအချိန်ထက် နောက်မကျဘဲ သင်တန်းကျောင်းသို့ လာရောက်တွေ့ဆုံ သတင်းပို့ရမည်ဖြစ်ပါသည်။

လာရောက်ချိန်တွင်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း)

( ခ ) အလယ်တန်းသင်ယူဖူးကြောင်း (သို့မဟုတ်) KG+9 ပြီးမြောက်သည့် ထောက်ခံစာလက်မှတ်(မူရင်း)တို့ကို တစ်ပါတည်းယူဆောင်လာရမည်။

**သင်တန်းကာလ**

၉။ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ (၁၈) ရက်နေ့မှ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ(၁၈)ရက်နေ့အထိ ဖြစ်ပါသည်။

**နေရာထိုင်ခင်း**

၁၀။ လူတွေ့စစ်ဆေးပြီး သင်တန်းတက်ရောက်စဉ် ကာလအတွင်း နေရာထိုင်ခင်းအစီအစဉ်မှာ အောက်ပါအတိုင်းဖြစ်သည်-

(က) လူတွေ့စစ်ဆေး အောင်မြင်သူများအတွက် ဦးစားပေး အစီအစဉ်အလိုက် အသင့်နေထိုင်နိုင်သော ကျောင်းဆောင်များတွင် နေရာချထားပေးမည်ဖြစ်ပါသည်။

( ခ ) သင်တန်းသား/သူများ၏ မိသားစုများအား သင်တန်းကာလအတွင်း မည်သို့သော အကြောင်းကြောင့်ဖြစ်စေ သင်တန်းကျောင်း အိပ်ဆောင်များတွင် လာရောက်တည်းခိုခွင့်မပြုပါ။

**စားစရိတ်**

၁၁။ သင်တန်းသားတစ်ဦးလျှင် လစဉ်စားစရိတ်အဖြစ် (၄၅,၀၀၀/-) ကျပ်ကို နိုင်ငံတော်မှ ထောက်ပံ့ပေးမည်ဖြစ်ပြီး သင်တန်းသား/သူများမှ လစဉ် (၃၀,၀၀၀/-) ကျပ်ကို ထည့်ဝင်ရမည် ဖြစ်ပါသည်။

**လျှောက်လွှာလက်ခံခြင်းနှင့် သင်တန်းသားလက်ခံခြင်း**

၁၂။ ကျွမ်းကျင်မှုအခြေပြုကာလတို(၃)လသင်တန်း အမှတ်စဉ်(၁)အတွက် လျှောက်လွှာ လက်ခံခြင်းအား (၁.၉.၂၀၂၄) ရက်နေ့မှစ၍ လက်ခံသွားမည်ဖြစ်ပြီး လျှောက်လွှာပိတ်ရက်ကို (၃၁.၁၀.၂၀၂၄) ရက်နေ့ နံနက်(၈:၀၀)အချိန်ထိ လက်ခံပေးမည်ဖြစ်ပါသည်။ ရွေးချယ်ခံရသော သင်တန်းသားများအား (၁၅.၁၁.၂၀၂၄) ရက်နေ့တွင် စတင်လက်ခံသွားမည်ဖြစ်ပါသည်။

သင်တန်းတက်ခွင့်ရသူများသည် မိမိအစီအစဉ်ဖြင့် မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်၊ အမှတ်(၅) စက်မှုသင်တန်းကျောင်း(မကွေး) သို့ သင်တန်းဖွင့်လှစ်မည့် နေ့ရက်မတိုင်မီ (၃)ရက် ကြိုတင်ပြီး အုပ်ထိန်းသူ တစ်ဦးနှင့်အတူ ကိုယ်တိုင်လာရောက် သတင်းပို့ အပ်နှံရမည်ဖြစ်သည်။

**သတ်မှတ်ယူနီဖောင်း**

၁၃။ သင်တန်းကာလအတွင်း သင်တန်းသား/သူ အားလုံးသည် နက်ပြာရောင် (အင်္ကျီ၊ ဘောင်းဘီ/ရှည်) တူညီယူနီဖောင်းကို ဝတ်ဆင်ရမည်။ ယူနီဖောင်းစရိတ် (၂၀,၀၀၀)ကျပ်အား နိုင်ငံတော်မှ ထောက်ပံ့ပေးမည် ဖြစ်ပါသည်။

**စည်းကမ်းချက်များ**

၁၄။ သင်တန်းသားများသည် အောက်ပါသင်တန်းစည်းကမ်းများကို လိုက်နာကြရမည်-

(က) သင်တန်းကာလပြီးဆုံးအောင် တက်ရောက်ပါမည်ဟု သင်တန်းသားကိုယ်တိုင်နှင့် အုပ်ထိန်းသူတို့မှ ခိုင်မာသောကတိဝန်ခံချက် လက်မှတ်ရေးထိုးရပါမည်။

( ခ ) သင်တန်းကာလ(၃)လ အတွင်း မည်သည့်အခြားစာမေးပွဲမှ ဖြေဆိုခွင့်မပြုပါ။

( ဂ ) သင်တန်းသား/သူ များသည် သင်တန်းကာလအတွင်း ကျောင်းခေါ်ချိန် (၈၀%) ပြည့်မှသာ စာမေးပွဲဖြေဆိုခွင့်ပြုပါမည်။

(ဃ) သင်တန်းကျောင်းမှဖြစ်စေ၊ စက်မှုဝန်ကြီးဌာနမှဖြစ်စေ အခါအားလျော်စွာထုတ်ပြန်သည့်စည်းကမ်းများ၊ အမိန့်နှင့်ညွှန်ကြားချက်များကို တိကျစွာလိုက်နာရပါမည်။

**အောင်လက်မှတ် ချီးမြှင့်ခြင်း**

၁၅။ သင်တန်းကာလပြီးဆုံးအောင် တက်ရောက်၍ အောင်မြင်သော သင်တန်းသားများအား သင်တန်းဆင်းပွဲအခမ်းအနားတွင် အောင်လက်မှတ် ချီးမြှင့်မည်ဖြစ်ပါသည်။